မာတိကာ


၁) နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၂၀၂၀ ရွေးကောက်ပွဲတွင် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များအား တွေ့ဆုံမှာကြား ( ၂၀၁၉ခုနှစ်၊ မေ ၂၂ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၅၈))၊ အမှတ်(၂၃၄)၊ စာမျက်နှာ(၃) မြန်မာ့အလင်း၊

၂) ရှမ်းလူမျိုးများအနေဖြင့် ၂၀၂၀ပြည့်နှစ် ရွေးကောက်ပွဲတွင် မိမိလူမျိုးနှင့်လူထုအပေါ် ချစ်ခင်လေးစားသည့် လွှတ်တော်ကိုယ်စားလှယ်ကောင်းများ ရွေးချယ်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း RCSS ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးယွက်စစ် ပြောကြား (၂၀၁၉ခုနှစ်၊ မေလ၂၂ရက်၊ ဗုဒ္ဓဟူးနေ့ Daily Eleven )

၃) ရန်ကုန်တိုင်းဒေသကြီးရှိ ဆိပ်ကမ်းမြို့နယ်အား သီးခြားမြို့နယ်တစ်ခုအဖြစ် မထားဘဲနီးစပ်သည့် မြို့နယ်တွင်၂၀၂၀ပြည့်နှစ် မတိုင်မီပေါင်းထည့်ရန် စီစဉ်ထားဟုဆို (၂၀၁၉ခုနှစ်၊ မေလ၂၃ရက် (ကြာသပတေးနေ့)၊ စာမျက်နှာ၄၊ Daily Eleven)

၄) ရွေးကောက်ပွဲကော်မရှင်ဝက်ဘ်ဆိုက်တွင် ပြည်သူ့ပါတီ၏ အချက်အလက်ကို ဝင်ကြည့်ပါက အမည်ဆင်တူပုံဆိုင်းများပါတီတစ်ခု၏အချက်အလက်ပေါ်ပြည်သူ့ပါတီဝေဖန် (၂၀၁၉ ခုနှစ်၊ မေလ၊ ၂၄ ရက်၊ Daily Eleven စာမျက်နှာ၂


၁) နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၂၀၂၀ရွေးကောက်ပွဲတွင် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားတွေ့ဆုံမှာကြား (မြန်မာ့အလင်း၊ ၂၀၁၉ခုနှစ်၊ မေ ၂၂ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၅၈))၊ အမှတ်(၂၃၄)၊ စာမျက်နှာ(၃)

*နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို စနစ်တကျဖွဲ့စည်းရေး၊ မဲရုံမှူးများအဖွဲ့ဝင်များကို မှန်မှန်ကန်ကန်တာဝန်ပေးရေး၊ မဲရုံများ၏လုံခြုံရေးအပြည့်အဝရှိစေရေးနှင့် မဲဆန္ဒနယ်မြေများသတ်မှတ်ရေး၊ ၂၀၂၀ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားအားလုံး မဲပေးခွင့်အပြည့်အဝ ရရှိစေရေးနှင့် မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး၊ မဲစာရင်းများပြုစုရာတွင် တိကျမှုရှိစေရေး၊ ကြိုတင်ဆန္ဒမဲများ မှန်ကန်စေရေး၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ နှင့်ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုများ မဖြစ်ပေါ်စေရေး၊ ဆန္ဒမဲရေတွက်ခြင်းနှင့် ရလဒ်ကြေညာပေးရေးစသည်တို့စပ်လျဉ်း၍ ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်လမ်းညွှန်မှာကြားသည်။*

သတင်းအပြည့်အစုံဖတ်ရန် >>>> မာတိကာသို့ >>>>

၂) ရှမ်းလူမျိုးများအနေဖြင့် ၂၀၂၀ပြည့်နှစ် ရွေးကောက်ပွဲတွင် မိမိလူမျိုးနှင့်လူထုအပေါ် ချစ်ခင်လေးစားသည့် လွှတ်တော်ကိုယ်စားလှယ်ကောင်းများ ရွေးချယ်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း RCSS ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးယွက်စစ်ပြောကြား(၂၀၁၉ခုနှစ်၊ မေလ၂၂ရက်၊ ဗုဒ္ဓဟူးနေ့ Daily Eleven)

*"မိမိတို့ပြည်သူလူထုများအား အသိပေးနိုးဆော်လိုသည်မှာ ၂၀၂၀ခုနှစ်တွင် ရွေးကောက်ပွဲတွင် ထပ်မံရောက်ရှိလာတော့မည်ဖြစ်သဖြင့် ၂၀၁၀ခုနှစ်နှင့် ၂၀၁၅ခုနှစ်ရွေးကောက်ပွဲမှ အတွေ့အကြုံများရရှိထားခဲ့ကြပြီးဖြစ်သဖြင့် ပြည်သူများကိုယ်စားလွှတ်တော်တွင်း၌ သွားရောက်ကိုယ်စားပြုပေးမည့် မိမိလူမျိုးနှင့်လူထုအပေါ် ချစ်ခင်လေးစားသည့် လွှတ်တော်ကိုယ်စားလှယ်ကောင်းအားရွေးချယ်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ လွန်ခဲ့သည့်အစိုးရနှစ်ဆက်တွင် မိမိတို့ရှမ်းပြည်အတွက်နှင့် ရှမ်းပြည်ပြည်သူလူထုများအတွက် မယ်မယ်ရရစွမ်းဆောင်နိုင်ခဲ့ခြင်း မရှိပေ။ လွှတ်တော်တွင်း၌လုပ်ပြည့်ရုံမျှသာဖြစ်ခဲ့သည်"ဟု RCSS ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးယွက်စစ်က ပြော ကြားသည်။*

သတင်းအပြည့်အစုံဖတ်ရန် >>>> မာတိကာသို့ >>>>

၃) ရန်ကုန်တိုင်းဒေသကြီးရှိ ဆိပ်ကမ်းမြို့နယ်အား သီးခြားမြို့နယ်တစ်ခုအဖြစ် မထားဘဲ နီးစပ်သည့်မြို့နယ်တွင်၂၀၂၀ပြည့်နှစ်မတိုင်မီပေါင်းထည့်ရန်စီစဉ်ထားဟုဆို (၂၀၁၉ခုနှစ်၊ မေလ၂၃ရက် (ကြာသပတေးနေ့)၊ စာမျက်နှာ၄၊ Daily Eleven)

မာတိကာ

၅) ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်တွေ့ဆုံဆွေးနွေးလိုကြောင်းပြည်ခိုင်ဖြိုးပါတီအပါအဝင်နိုင်ငံရေးပါတီ၂၆ပါတီအိတ်ဖွင့်ပေးစာပေးပို့တောင်းဆို(၂၀၁၉ခုနှစ်၊ မေလ၂၈ရက်၊ (အင်္ဂါနေ့)၊ Daily Eleven )

၆) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးလှသိန်း IFES၊ Hornbillနှင့် MYNFRELအဖွဲ့တို့မှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ (၂၀၁၉ခုနှစ်၊ မေ၃၀ရက်၊ ကြာသပတေးနေ့၊ အတွဲ(၅၈)၊ အမှတ်(၂၄၂)၊ စာမျက်နှာ၅)

*ရန်ကုန်တိုင်းဒေသကြီးရှိဆိပ်ကမ်းမြို့နယ်အား သီးခြားနယ်တစ်ခုအဖြစ် မထားဘဲနီးစပ်သည့်မြို့နယ်တွင် ၂၀၂၀ပြည့်နှစ်မတိုင်မီ ပေါင်းထည့်ရန်စီစဉ်ထားကြောင်း ဗိုလ်တထောင်မြို့နယ်ပြည့်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်မေစိုးက ပြောကြားသည်။*

*ဆိပ်ကမ်းမြို့နယ်သည် လူဦးရေ၂၀၀၀ကျော်ရှိပြီး အများစုမှာ အစိုးရဝန်ထမ်းများဖြစ်သည့်အပြင်မဲပေးနိုင်သည့် လူဦးရေ၈၀၀ခန့်သာရှိသည့်အတွက် နီးစပ်သည့်မြို့နယ်တွင် ပေါင်းထည့်ရန်စီစဉ်ခြင်းဖြစ်ကြောင်း ဒေါ်မေစိုးကပြောကြားသည်။*

*ယင်းဆိပ်ကမ်းမြို့နယ်အား အခြားမြို့နယ်တစ်ခုတွင် ပေါင်းထည့်ရန် စီစဉ်ခြင်းမှာ၂၀၁၈ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲတွင်NLD ပါတီက မဲရှုံးခဲ့သည့်အတွက်ဖြစ်နိုင်ကြောင်း ဝေဖန်ပြောဆိုမှုများ ရှိနေသော်လည်း ထိုသို့မဟုတ်ကြောင်း ဒေါ်မေစိုးကရှင်းပြသည်။*

*ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ပြောရေးဆိုခွင့်ရှိသူ ဦးသိန်းထွန်းဦးအား ဆက်သွယ်မေးမြန်းရာ "ဒါက ဖြစ်နိုင်တယ်၊ မဖြစ်နိုင်တယ်ဆိုတာ သေချာမလေ့လာ ရသေးဘူး။ မြို့နယ်ပေါင်းထည့်မယ်ဆိုတာကတော့အဖြေက ရှင်းရှင်းလေး ပါ။သူတို့တတွေရှုံးခဲ့တဲ့နယ်မြေကို မရှုံးအောင်လို့လုပ်တယ်ဆိုတဲ့သဘောမျိုး သက်ရောက်တဲ့ အပြုအမူမျိုးကမြန်မြန်ဆန်ဆန်ကြီး လုပ်တော့ ပိုပြီးတော့ပေါ်လွင်တာပေါ့"ဟုပြောကြားသည်။*

သတင်းအပြည့်အစုံဖတ်ရန် >>>>

မာတိကာသို့ >>>>

၄) ရွေးကောက်ပွဲကော်မရှင်ဝက်ဘ်ဆိုက်တွင် ပြည်သူ့ပါတီ၏ အချက်အလက်ကို ဝင်ကြည့်ပါက အမည်ဆင်တူယိုးမှားပါတီတစ်ခု၏အချက် အလက် ပေါ်ပြည်သူ့ပါတီဝေဖန် (၂၀၁၉ ခုနှစ်၊ မေလ၊ ၂၄ ရက်၊ Daily Eleven စာမျက်နှာ၂

*"ကျွန်တော်တို့သိတာသည် ပြည်သူ့ပါတီလို့ ဝင်ကြည့်တဲ့အခါမှာ လူထုပါတီ ကျလာတယ်။ လူထုပါတီနဲ့ပတ်သက်တာ ကျလာတယ်။ အဲဒီလိုအဖြစ်အပျက်သည် ဘာကြောင့်ဖြစ်တယ်ဆိုတာတော့ ကျွန်တော်တို့လည်းမသိဘူး။ဒါကို ရှင်းလင်းတင်ပြရမှာက UECရဲ့ တာဝန်ဖြစ်တယ်လို့ကျွန်တော်တို့ကယူဆတယ်"ဟုပြည်သူ့ပါတီအထွေထွေအတွင်းရေးမှူးဦးရဲနိုင်အောင်က ပြောကြားသည်။*

သတင်းအပြည့်အစုံဖတ်ရန်>>>>

မာတိကာသို့ >>>>

၅) ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်တွေ့ဆုံဆွေးနွေးလိုကြောင်း ပြည်ခိုင်ဖြိုးပါတီအပါအဝင်နိုင်ငံရေးပါတီ၂၆ပါတီ အိတ်ဖွင့်ပေးစာပေးပို့တောင်းဆို (၂၀၁၉ခုနှစ်၊ မေလ၂၈ရက်၊ (အင်္ဂါနေ့)၊ Daily Eleven )

မြန်မာနိုင်ငံ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ စောင့်ကြည့်ရေးကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ များဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## *Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

*"လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ဖို့ဆိုတဲ့ဟာက နိုင်ငံရေးပါတီတွေရဲ့ တောင်းဆိုချက်၊ လိုလားချက်၊ ညှိနှိုင်းချက်ပေါ့နော်။ ဒီဟာတွေသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ တစ်သွေးတည်းတစ်သားတည်းထိတွေ့ပြီးတော့ ညှိနှိုင်းဆောင်ရွက်နေကြရမယ့် ကိစ္စဖြစ်တယ်။ အခုတော့ ဒီကော်မရှင်ရဲ့ သက်တမ်းသုံးနှစ်ကျော်အတွင်းမှာ သုံးကြိမ်တည်း ဆိုတော့ အလွန်အင်မတန်မှလည်းနည်းတယ်။ တွေ့ခဲ့တဲ့သုံးကြိမ်ကလည်း နေ့တစ်ပိုင်းပဲတွေ့ခဲ့ရတယ်။ သူတို့ပြောတဲ့ဟာကို အဓိကနားထောင်ခဲ့ရပြီးတော့ မိမိတို့ပါတီတွေဘက်ကတင်ပြမှုက အချိန်အင်မတန်မှ နည်းပါးတယ်။ ဒါကြောင့်မို့အခု တွေ့ဆုံမှုကလုံလောက်တဲ့ အချိန်အတိုင်းအတာတစ်ခုပေးပြီးတဲ့အခါကျတော့ သင့်တင့်တဲ့ရက်မှာ နိုင်ငံရေးပါတီတွေနဲ့ မျက်နှာချင်းဆိုင်တွေ့ဆုံပြီးတော့ဆွေးနွေးဖို့အတွက် အခုလိုတောင်းဆိုထားခြင်းဖြစ်ပါတယ်" ဟုပြည်နိုင်ဖြိုးပါတီပြောရေးဆိုခွင့်ရှိသူ ဦးသိန်းထွန်းဦးက ပြောကြားသည်။*

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

၆) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးလှသိန်း IFES၊ Hornbillနှင့် MYNFRELအဖွဲ့တို့မှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ (၂၀၁၉ခုနှစ်၊ မေ၁၀ရက်၊ ကြာသပတေးနေ့၊ အတွဲ(၅၈)၊ အမှတ်(၂၄၂)၊ စာမျက်နှာ၅)

*IFES၊ Hornbillနှင့် MYNFREL အဖွဲ့တို့မှ ကိုယ်စားလှယ်များ က နိုင်ငံသားအသိပညာပေးသင်တန်းစီမံကိန်း "2020 First Time Youth Voters Program" (ပထမပိုင်း) ဆောင်ရွက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ သင်တန်းပို့ချသည့် ရည်ရွယ်ချက်၊ ပို့ချခဲ့သည့် သင်တန်းသားများအခြေအနေ ၊သင်တန်းပို့ချသည့်နေရာများနှင့် အကြိမ်အရေအတွက်၊ ပို့ချခဲ့သည့်သင်ခန်းစာများ၊ သင်တန်းပို့ချရာတွင်တွေ့ကြုံရသည့် အခြေအနေများ၊ ဒုတိယပိုင်း အနေဖြင့်ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။*

သတင်းအပြည့်အစုံဖတ်ရန် >>>> မာတိကာသို့>>>>

၁) နိုင်ငံတော်သမ္မတဦးဝင်းမြင့်၂၀၂၀ရွေးကောက်ပွဲတွင် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားတွေ့ဆုံမှာကြား (မြန်မာ့အလင်း၊ ၂၀၁၉ခုနှစ်၊ မေ ၂၂ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၅၈))၊ အမှတ်(၂၃၄)၊ စာမျက်နှာ(၃)

နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၂၀၂၀ရွေးကောက်ပွဲတွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးလှသိန်းနှင့် အဖွဲ့ဝင်များအား ယနေ့နံနက်၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်း၌ တွေ့ဆုံကြသည်။

## သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၁ရက်၊ မေလ၊၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မေဇင်ကျော်

စီစဉ်သူ - မြန်မာနိုင်ငံ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ စောင့်ကြည့်ရေးကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၆၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၆လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးလှသိန်းက ၂၀၂၀ ရွေးကောက်ပွဲအတွက်အခြေခံမဲစာရင်းများပြုစုနေမှု၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ရွေးကောက်ပွဲလုပ်ငန်းစဉ်များ သင်တန်းပို့ချနေမှု၊ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲ အလွန်ကာလတို့တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့် ဆင့်ကို စနစ်တကျဖွဲ့စည်းရေး၊ မဲရုံမှူးများအဖွဲ့ဝင်များကို မှန်မှန်ကန်ကန် တာဝန်ပေးရေး၊ မဲရုံများ၏လုံခြုံရေးအပြည့်အဝရှိစေရေးနှင့် မဲဆန္ဒနယ်မြေများသတ်မှတ်ရေး၊ ၂၀၂၀ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားအားလုံး မဲပေးခွင့်အပြည့်အဝ ရရှိစေရေးနှင့် မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး၊ မဲစာရင်းများပြုစုရာတွင် တိကျမှုရှိစေရေး၊ ကြိုတင်ဆန္ဒမဲများ မှန်ကန်စေရေး၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ နှင့်ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုများ မဖြစ်ပေါ်စေရေး၊ ဆန္ဒမဲရေတွက်ခြင်းနှင့် ရလဒ်ကြေညာပေးရေးစသည်တို့စပ်လျဉ်း၍ ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်လမ်းညွှန်မှာကြားသည်။ တွေ့ဆုံပွဲသို့ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးလှသိန်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေး၊ ဦးညွန့်စိန်၊ ဦးသက်ထွန်း၊ ဦးမြင့်အောင်၊ ဦးစောဒယ်နီရယ်ကြည်၊ ဦးအောင်စိုးဝင်း၊ ဦးသန်းအောင်၊ ဦးမင်းဆွေနှင့် ဦးဆွေတင့်လွင် တို့တက်ရောက်ကြသည်။

မာတိကာသို့>>>>

**၂) ရှမ်းလူမျိုးများအနေဖြင့် ၂၀၂၀ပြည့်နှစ်ရွေးကောက်ပွဲတွင် မိမိလူမျိုးနှင့် လူထုအပေါ် ချစ်ခင်လေးစားသည့် လွှတ်တော်ကိုယ်စားလှယ်ကောင်းများ ရွေးချယ်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း RCSSဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်ပြောကြား**(၂၀၁၉ခုနှစ်၊ မေလ၂၂ရက်၊ ဗုဒ္ဓဟူးနေ့ Daily Eleven )

ရှမ်းလူမျိုးများအနေဖြင့် ၂၀၂၀ခုနှစ်ရွေးကောက်ပွဲတွင် မိမိလူမျိုးနှင့် လူထုအပေါ် ချစ်ခင်လေးစားသည့် လွှတ်တော်ကိုယ်စားလှယ်ကောင်းများ ရွေးချယ်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်းရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးယွက်စစ်က ပြောကြားသည်။

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဌာနချုပ်လွိုင်တိုင်းလျဲန်းတွင် မေ၂၁ရက်က ကျင်းပသည့် ၆၁နှစ်မြောက်သျှမ်းပြည်တော်လှန်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ တွင်ဗိုလ်ချုပ်ကြီးယွက်စစ်က အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

“မိမိတို့ပြည်သူလူထုများအား အသိပေးနှိုးဆော်လိုသည်မှာ ၂၀၂၀ခုနှစ်တွင် ရွေးကောက်ပွဲတွင် ထပ်မံရောက်ရှိလာတော့မည်ဖြစ်သဖြင့် ၂၀၁၀ခုနှစ် နှင့် ၂၀၁၅ခုနှစ် ရွေးကောက်ပွဲမှ အတွေ့အကြုံများရရှိထားခဲ့ကြပြီးဖြစ်သဖြင့် ပြည်သူများကိုယ်စားလွှတ်တော်တွင်း၌သွားရောက်ကိုယ်စားပြုပေးမည့် မိမိလူမျိုးနှင့်လူထုအပေါ် ချစ်ခင်လေးစားသည့်လွှတ်တော်ကိုယ်စားလှယ်ကောင်းအားရွေးချယ်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ လွန်ခဲ့သည့်အစိုးရနှစ်ဆက်တွင် မိမိတို့ ရှမ်းပြည်အတွက်နှင့် ရှမ်းပြည်ပြည်သူလူထုများအတွက် မယ်မယ်ရရ စွမ်းဆောင်နိုင်ခဲ့ခြင်းမရှိပေ။ လွှတ်တော်တွင်း၌ လူပြည့်ရုံမျှသာဖြစ်ခဲ့သည်”ဟု RCSSဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်က ပြော ကြားသည်။

ထို့ပြင်လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ နိုင်ငံတော်အခြေခံဥပဒေများအား သုံးသပ်ခြင်း၊ ပြုပြင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ လူထုကိုယ်စားပြုပေးခြင်း၊ လူထုအရေး လူမျိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခြင်းနှင့် တိုင်းပြည်တိုးတက်ကြီးပွားစေရန် ကြိုးပမ်းဆောင်ရွက်ခြင်းစသည့် တာဝန်များရှိကြောင်း၊ ထို့ကြောင့် ကိုယ်ကျိုးကြည့်သည့်သူအား မိမိတို့ပြည်သူများ၏ လူထုကိုယ်စားများအဖြစ် မရွေးချယ်ကြရန် တိုက်တွန်းနှိုးဆော်ကြောင်း RCSS ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးယွက်စစ်က ပေးပို့သည့်သဝဏ်လွှာတွင်ဖော်ပြထားသည်။

ဆက်လက်၍ မိမိတို့ရှမ်းပြည်အတွက်အနာဂတ်နိုင်ငံရေးအတွက် ပြည်သူလူထုများကပြုပြင်၊ ချစ်ခင်၊ စည်းလုံး၊ ကူညီဆိုသည့်အချက်များအပေါ် ရပ်တည်ပြီး မိမိတို့၏အမျိုးသားရေး၊ တိုင်းပြည်အရေး၊ ဘာသာယဉ်ကျေးမှုအရေးနှင့် သာသနာရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်တိုက်တွန်းနှိုးဆော်ကြောင်း၊ မိမိတို့ရှမ်းစာပေအား သင်ကြားကြခြင်း၊ ရှမ်းသမိုင်းအားလေ့လာခြင်း၊ ရှမ်းယဉ်ကျေးမှုထုံးတမ်းအစဉ်အလာ တိုးတက်မြင့်မားစေရန် ကြိုးပမ်းဆောင်ရွက်ခြင်းနှင့် တိုင်းတစ်ပါးကဲ့သို့ မိမိတို့ရှမ်းစာပေသည်လည်း တက္ကသိုလ်အဆင့်အတန်းအထိတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးယွက်စစ်က ပြောကြားသည်။

ထို့ပြင် မိမိတို့ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) အနေဖြင့်နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အားလက်မှတ်ရေးထိုးကာ ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ RCSS/SSA သည်ပြည်သူလူထုများငြိမ်းချမ်းရေးသို့ လျှောက်လှမ်းနိုင်စေရန် တံတားခင်းပေးခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့ရှမ်းပြည်အမျိုးသားများ ငြိမ်းချမ်းရေးသို့လျှောက်လှမ်းနိုင်စေရန် ပြည်သူလူထုများအနေဖြင့် တာဝန်သုံးရပ်ရှိကြောင်း၊ ယင်းတာဝန်သုံးရပ်မှာ (၁) အစိုးရ၊ တပ်မတော်နှင့် အဖွဲ့အစည်းတိုင်း၏ NCAသဘောတူညီချက်များအပေါ် လိုက်နာခြင်း ရှိမရှိလေ့လာသုံးသပ် ပေးကြရမည်ဖြစ်ကြောင်း၊ (၂) မိမိတို့ရှမ်းစာပေ၊ ယဉ်ကျေးမှုနှင့်ထုံးတမ်း အစဉ်အလာများ တိုးတက်မြင့်မားအောင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း (၃) နိုင်ငံရေးဆွေးနွေးပွဲတွင်ပြည်သူလူထုများ ပါဝင်လာကြရမည်ဖြစ်ပြီး

မြန်မာနိုင်ငံ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ စောင့်ကြည့်ရေးကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

“လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ များဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ”

## Our Vision

*“A state with Thriving Democracy through Free and Fair Elections”*

## ရည်မှန်းချက်

“ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း”

## *Our Mission*

“Networking to Support for Holding Genuine Elections with Democratic Norms”

**သတင်းစုစည်းမှု မှတ်တမ်း**

ထုတ်ဝေသည့် ရက်စွဲ - ၁ရက်၊ မေလ၊၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မေဇင်ကျော်

စီစဉ်သူ - မြန်မာနိုင်ငံ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ စောင့်ကြည့်ရေးကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၆၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၆လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

ငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့် မိမိတို့၏အမျိုးသားစည်းလုံးညီညွတ်ရေး စသည့်အချက်များသည် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် လုပ်ငန်းတာဝန်များပင်ဖြစ်ကြောင်း ဖော်ပြထားသည်။

မာတိကာသို့>>>>

**၃) ရန်ကုန်တိုင်းဒေသကြီးရှိ ဆိပ်ကမ်းမြို့နယ်အား သီးခြားမြို့နယ်တစ်ခုအဖြစ် မထားဘဲ နီးစပ်သည့်မြို့နယ်တွင်၂၀၂၀ပြည့်နှစ်မတိုင်မီ ပေါင်းထည့်ရန်စီစဉ်ထားဟုဆို** (၂၀၁၉ခုနှစ်၊ မေလ၂၃ရက် (ကြာသပတေးနေ့)၊ စာမျက်နှာ၄၊ Daily Eleven)

ရန်ကုန်တိုင်းဒေသကြီးရှိဆိပ်ကမ်းမြို့နယ်အား သီးခြားနယ်တစ်ခုအဖြစ် မထားဘဲနီးစပ်သည့်မြို့နယ်တွင် ၂၀၂၀ပြည့်နှစ်မတိုင်မီ ပေါင်းထည့်ရန်စီစဉ်ထားကြောင်း ဗိုလ်တထောင်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်မေစိုးက ပြောကြားသည်။

ဆိပ်ကမ်းမြို့နယ်သည် လူဦးရေ ၂၀၀၀ကျော် ရှိပြီး အများစုမှာ အစိုးရဝန်ထမ်းများဖြစ်သည့်အပြင် မဲပေးနိုင်သည့် လူဦးရေ၈၀၀ခန့်သာရှိသည့်အတွက် နီးစပ်သည့်မြို့နယ်တွင် ပေါင်းထည့်ရန် စီစဉ်ခြင်းဖြစ်ကြောင်း ဒေါ်မေစိုးကပြောကြားသည်။

"ဘယ်လိုအကြောင်းလဲဆိုတော့အဲဒီမှာတရားဝင်ရှိတဲ့လူက၂၀၀၀ကျော်ပဲရှိတယ်။ မဲပေးတဲ့လူက၈၀၀ လောက်ပဲရှိတယ်။အဲဒါလေးနဲ့တစ်မြို့နယ်ပေါင်းမယ်ဆိုပြီးတော့ လူကြီးတွေက စီစဉ်တာပါ။ တခြားထွေထွေထူးထူးတော့မရှိပါဘူး။ ဒါမျိုးစီစဉ်ထားတာကလည်း ကျွန်မသိသလောက်ကတော့ ၂၀၁၇၊၂၀၁၈လောက်ကတည်းက စီစဉ်ထားတာပါ။ ကျွန်မထင်တာကတော နှစ်ကုန်ခါနီး ၂၀၂၀မတိုင်ခင်တော့ လုပ်ဖြစ်မယ်ထင်ပါတယ်။ လူဦးရေကလည်း နည်းတယ်။ လူနေထူထပ်တဲ့နေရာလည်းမဟုတ်ဘူး။ အစိုးရဝန်ထမ်းတွေရှိတဲ့ နေရာပဲရှိတယ်။ ဘုရားမှာဆိုလည်း ဗိုလ်တထောင်ဘုရားသာဆိုတယ် ဆိပ်ကမ်းထဲမှာပါတယ်။ကျွန်မကလည်း ဗိုလ်တထောင်ဘုရားမှာ ဂေါပကနာယကဖြစ်တယ်ဆိုတော့ အမြဲတမ်းပဲဘုရားမှာ သွားလာနေတော့ ဒီနေရာမှာနေတဲ့သူတွေက ဝန်ထမ်းမိသားစုတွေများတယ်။ ဒါကိုသီးခြား ဆိပ်ကမ်းအနေနဲ့မထားဘဲနဲ့ လမ်းပေါ်မှာမူတည်ပြီး ထည့်မယ်လို့ထင်ပါတယ်။ ကျွန်မတို့မြို့နယ်ဆိုရင် ဗိုလ်အောင်ကျော်ရဲ့ဒီဘက်ခြမ်းမှာ ဆုံးသွားတယ်။ ဟိုဘက်ဆိုရင် ကျောက်တံတားမှာထည့်မလား။ လသာထဲမှာထည့်မှာလားဆိုတော့ လူကြီးတွေဘယ်လိုဆုံးဖြတ်မလဲမသိဘူး။ ဒါက ပြည်ထောင်စုဝန်ကြီးဌာနက ဆုံးဖြတ်မှာပါ" ဟုပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေစိုးက ပြောကြားသည်။

ယင်းဆိပ်ကမ်းမြို့နယ်အား အခြားမြို့နယ်တစ်ခုတွင် ပေါင်းထည့်ရန် စီစဉ်ခြင်းမှာ၂၀၁၈ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲတွင်NLD ပါတီက မဲရှုံးခဲ့သည့်အတွက်ဖြစ်နိုင်ကြောင်း ဝေဖန်ပြောဆိုမှုများ ရှိနေသော်လည်း ထိုသို့မဟုတ်ကြောင်း ဒေါ်မေစိုးကရှင်းပြသည်။

မြန်မာနိုင်ငံ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ စောင့်ကြည့်ရေးကွန်ရက်အဖွဲ့ (MYNFREL)

၏

မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ များဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

Our Mission

"Networking to Support for Holding Genuine Elections with Democratic Norms"

အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ပြောရေးဆိုခွင့်ရှိသူ ဦးသိန်းထွန်းဦးအား ဆက်သွယ်မေးမြန်းရာ "ဒါက ဖြစ်နိုင်တယ်၊ မဖြစ်နိုင်တယ်ဆိုတာ သေချာမလေ့လာရသေးဘူး။မြို့နယ်ပေါင်းထည့်မယ်ဆိုတာကတော့အဖြေက ရှင်းရှင်းလေးပါ။သူတို့တတွေရှုံးခဲ့တဲ့နယ်မြေကို မရှုံးအောင်လို့လုပ်တယ်ဆိုတဲ့သဘောမျိုး သက်ရောက်တဲ့ အပြုအမူမျိုးကမြန်မြန်ဆန်ဆန်ကြီးလုပ်တော့ ပိုပြီးတော့ပေါ်လွင်တာပေါ့"ဟုပြောကြားသည်။

၂၀၁၈ခုနှစ်နိုဝင်ဘာ၃ရက်ကကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆိပ်ကမ်းမဲဆန္ဒနယ် အမှတ်(၂)၌ ကိုယ်စားလှယ်လောင်း ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြည်ခိုင်ဖြိုးပါတီက ခိုင်လုံမဲ အရေအတွက် ၅၁၄မဲဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပါသည်။

ဆိပ်ကမ်းမဲဆန္ဒနယ်တွင် ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်း၁၄၃၄ဦး ရှိသည့်အနက် ၉၀၀ ကျော် ဆန္ဒမဲပေးကြရာပြည်ခိုင်ဖြိုးပါတီမှ ကိုယ်စားလှယ်လောင်း ဦးနေမျိုးအောင်က မဲအရေအတွက် ထက်ဝက်ကျော်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ၂၀၁၉ခုနှစ် မတ်၃၁ရက်တွင် ကျင်းပခဲ့သည့် ရန်ကုန်စည်ပင်ရွေးကောက်ပွဲ၌ ကော်မတီဝင်ကိုယ်စားလှယ်ခြောက်ဦးနေရာအားလုံး NLDပါတီအနိုင်ရရှိခဲ့ပြီး ကြားဖြတ် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သည့်ဆိပ်ကမ်းမြို့နယ်တွင်မူ မြို့နယ်ကိုယ်စားလှယ် နေရာအားလုံး NLDရှုံးနိမ့်ခဲ့ကြောင်း ဧပြီ၁ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲ၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

ဆိပ်ကမ်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနေရာတွင် NLDပါတီက ဒေါ်အေးယိုမော် က ၂၉၈မဲ သာရရှိခဲ့ပြီး တစ်သီးပုဂ္ဂလိက ကိုယ်စားလှယ် ဦးလှသန်းက၄၂၁ မဲဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ ဆိပ်ကမ်းမြို့နယ်ရှိအဖွဲ့ဝင်(၁)နှင့် (၂)နေရာတို့တွင် NLDပါတီက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

မာတိကာသို့>>>>

**၄) ရွေးကောက်ပွဲကော်မရှင်ဝက်ဘ်ဆိုက်တွင် ပြည်သူ့ပါတီ၏ အချက်အလက်ကို ဝင်ကြည့်ပါက အမည်ဆင်တူယိုးမှား ပါတီတစ်ခု၏ အချက်အလက်ပေါ်ပြည်သူ့ပါတီဝေဖန်** (၂၀၁၉ ခုနှစ်၊ မေလ၊ ၂၄ ရက်၊ Daily Eleven စာမျက်နှာ၂)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဝက်ဘ်ဆိုက်တွင် ပြည်သူ့ပါတီ၏အချက်အလက်ကို ဝင်ကြည့်ပါက အမည်ဆင်တူယိုးမှားပါတီတစ်ခု၏ အချက်အလက်အကြောင်းအရာများ ပေါ်လာသည်ကို တွေ့ရှိရသည်ဟုပြည်သူ့ပါတီအထွေထွေအတွင်းရေးမှူး ဦးရဲနိုင်အောင်က မေ၂၃ရက် တွင်ပြောကြားသည်။

## သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၁ရက်၊ မေလ၊၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မေဇင်ကျော်

စီစဉ်သူ - မြန်မာနိုင်ငံ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ စောင့်ကြည့်ရေးကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၆၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၆လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

ပြည်သူ့ပါတီ(The People's Party) ၏မူဝါဒလမ်းစဉ်များအပါအဝင် အချက်အလက် အပြည့်အစုံထည့်သွင်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဝက်ဘ်ဆိုက် နေရာသို့ဝင်ရောက်လိုက်ပါက လူထုပါတီ (The Party for People)အချက်အလက်များ ကျလာ ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆိုတာကကျွန်တော်တို့ တိုင်းပြည်ရဲ့လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲတွေကျင်းပရေးနဲ့ နိုင်ငံရေးပါတီတွေကိုစနစ်တကျ မှတ်ပုံတင်ရေးပေါ့ဗျာ။ တိုင်းပြည်ဘဏ္ဍာငွေနဲ့တာဝန်ယူပြီး ဆောင်ရွက်တဲ့အဖွဲ့အစည်းဖြစ်တယ်ပေါ့ဗျာ။ အဲဒီလို အဖွဲ့ အစည်းအနေနဲ့ ဒီနိုင်ငံရေးပါတီတွေရဲ့ အကြောင်းအရာကိုတင်တဲ့အခါမှာ ကျွန်တော်တို့ပါတီ ပဲဖြစ်ဖြစ်ပေါ့ဗျာ။ မှန်ကန်အောင်မတင်နိုင်ဘူးဆိုရင်တော့ ဒါသည်တိုင်းပြည်ကို တာဝန်ခံရတဲ့ အဖွဲ့အစည်းတစ်ရပ်အနေနဲ့တော့ မဖြစ်သင့်ဘူးလို့ ယူဆတယ်"ဟု ဦးရဲနိုင်အောင်က ပြောကြားသည်။

ဦးရဲနိုင်အောင်ပြောကြားချက်အရ The Daily Eleven ကပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဝက်ဘ်ဆိုက်ရှိ ပြည်သူ့ပါတီအချက်အလက်အား ဝင်ရောက်ကြည့်ရှုရာ လူထုပါတီ၏ အချက်အလက်များ ကျလာသည်ကို မေ ၂၃ရက် ညနေ၅နာရီခန့် အထိတွေ့ရှိရသည်။

"ကျွန်တော်တို့သိတာသည် ပြည်သူ့ပါတီလို့ ဝင်ကြည့်တဲ့အခါမှာ လူထုပါတီ ကျလာတယ်။ လူထုပါတီနဲ့ပတ်သက်တာ ကျလာတယ်။ အဲဒီလိုအဖြစ်အပျက်သည် ဘာကြောင့်ဖြစ်တယ် ဆိုတာတော့ ကျွန်တော်တို့လည်းမသိဘူး။ဒါကို ရှင်းလင်းတင်ပြရမှာက UECရဲ့ တာဝန်ဖြစ် တယ်လို့ ကျွန်တော်တို့ကယူဆတယ်"ဟု ပြည်သူ့ပါတီအထွေထွေအတွင်းရေးမှူး ဦးရဲနိုင်အောင် ကပြောကြားသည်။

ယင်းတို့ ပါတီအမည်များယွင်းဖော်ပြထားမှုသည် မည်သည့်နေ့ကတည်းကဖြစ်ပေါ်နေသည် ကိုတော့၎င်းအနေဖြင့်အတည်ပြုပေးနိုင်ခြင်းမရှိပေ။

ထိုကဲ့သို့ပြည်သူ့ပါတီ၏အချက်အလက်နေရာတွင် အခြားပါတီတစ်ခု ဖြစ်နေခြင်းအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ပြောရေးဆိုခွင့်ရှိသူ ဦးမြင့်နိုင်ကို မေ၂၃ရက် ညနေ ၅နာရီ ခန့်အထိဆက်သွယ်ရ ဖုန်းစက်ပိတ်ထားသည့် အတွက်မေးမြန်းနိုင်ခြင်းမရှိခဲ့ပေ။

ဦးကိုကိုကြီးဦးဆောင်သည့်ပြည်သူ့ပါတီသည် ရှစ်လေးလုံးပါတီ၊ ရှစ်လေးလုံး ပြည်သူ့ပါတီ စသည့် အမည်များဖြင့် ဦးစွာမှတ်ပုံတင်ခဲ့ပြီး ရှစ်လေးလုံးဝေါဟာရပေါ် ကန့်ကွက်မှုများရှိသည့် အတွက်ကော်မရှင်က ခွင့်ပြုခဲ့ခြင်းမရှိပေ။

ထို့ကြောင့် ပြည်သူ့ပါတီအမည်ဖြင့်ပြောင်းလဲမှတ်ပုံတင်ခဲ့ပြီး ယင်းအမည်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပါတီမှတ်ပုံတင်အမှတ် ၁၁၀ ဖြင့် ၂၀၁၈ခုနှစ် ဩဂုတ်၂၃ရက် တွင်ခွင့်ပြုခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ စောင့်ကြည့်ရေးကွန်ရက်အဖွဲ့ (MYNFREL)

၏

*မျှော်မှန်းချက်*

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ များဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

*ရည်မှန်းချက်*

"ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသော ရွေးကောက်ပွဲ များ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင် ရွက်ခြင်း"

*Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

လူထုပါတီသည် ယခင်ကစေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီအမည်ဖြင့် ၂၀၁၅ ခုနှစ် ဇူလိုင်၂၃ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံမှ ပါတီမှတ်ပုံတင်ရရှိထားသည့် ပါတီဖြစ်ပါသည်။

ထို့နောက်လူထုပါတီဖြင့်အမည်ပြောင်းလဲအသုံးပြုရန် တင်ပြလာမှုအပေါ် ယခုလ၂ရက်တွင် ကော်မရှင်အနေဖြင့် ခွင့်ပြုထားခြင်းဖြစ်သည်။

မာတိကာသို့>>>>

**၅) ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်တွေ့ဆုံဆွေးနွေးလိုကြောင်း ပြည်ခိုင်ဖြိုးပါတီအပါအဝင် နိုင်ငံရေးပါတီ၂၆ပါတီ အိတ်ဖွင့်ပေးစာ ပေးပို့တောင်းဆို**(၂၀၁၉ခုနှစ်၊ မေလ၂၈ရက်၊ (အင်္ဂါနေ့)၊ Daily Eleven )

ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးလိုကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အပါအဝင် နိုင်ငံရေးပါတီ၂၆ပါတီ တောင်းဆိုသည်။

မေ၂၃ရက်နေ့စွဲဖြင့် အချက်ကိုးချက်ပါ အိတ်ဖွင့်ပေးစာ ပေးပို့တောင်းဆိုခဲ့ခြင်းဖြစ်ပြီး ထိုသို့ ပေးတောင်းဆိုခဲ့ကြောင်းကို ပြည်ခိုင်ဖြိုးပါတီ၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် မေ၂၆ရက်က ဖော်ပြ သည်။

လက်ရှိ တည်ဆဲရွေးကောက် ကော်မရှင်အနေဖြင့် သက်တမ်းသုံးနှစ်အတွင်း နိုင်ငံရေးပါတီများနှင့် သုံးကြိမ်သောတွေ့ဆုံခဲ့ပြီး ယင်းသို့တွေ့ဆုံရာတွင်လည်း အပြန်အလှန်ဆွေးနွေးချိန် လုံလောက်မှုမရှိသည့်အတွက် အချိန်လုံလောက်စွာ မျက်နှာချင်းဆိုင် ဆွေးနွေးလိုပါ၍ သင့်လျော်သောအချိန်ကာလတစ်ခု သတ်မှတ်စီစဉ်ပေးရန် အိတ်ဖွင့်ပေးစာတွင် ဖော်ပြပါရှိသည်။

"လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ဖို့ဆိုတဲ့ဟာက နိုင်ငံရေးပါတီတွေရဲ့ တောင်းဆိုချက်၊ လိုလားချက်၊ ညှိနှိုင်းချက်ပေါ့နော်။ ဒီဟာတွေသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ တစ်သွေးတည်းတစ်သားတည်းထိတွေ့ပြီးတော့ ညှိနှိုင်းဆောင်ရွက်နေကြရမယ့်ကိစ္စဖြစ်တယ်။ အခုတော့ ဒီကော်မရှင်ရဲ့ သက်တမ်းသုံးနှစ်ကျော်အတွင်းမှာ သုံးကြိမ်တည်းဆို တော့ အလွန်အင်မတန်မှလည်းနည်းတယ်။ တွေ့ခဲ့တဲ့သုံးကြိမ်ကလည်း နေ့တစ်ပိုင်းပဲတွေ့ခဲ့ ရတယ်။ သူတို့ပြောတဲ့ဟာကို အဓိကနားထောင်ခဲ့ရပြီးတော့ မိမိတို့ပါတီတွေဘက်ကတင်ပြမှုက အချိန်အင်မတန်မှ နည်းပါးတယ်။ ဒါကြောင့်မို့အခု တွေ့ဆုံမှုကလုံလောက်တဲ့ အချိန်အတိုင်း အတာတစ်ခုပေးပြီးတဲ့အခါကျတော့ သင့်တင့်တဲ့ရက်မှာ နိုင်ငံရေးပါတီတွေနဲ့ မျက်နှာချင်းဆိုင် တွေ့ဆုံပြီးတော့ဆွေးနွေးဖို့အတွက်

## သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၁ရက်၊ မေလ၊ ၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မေဇင်ကျော်

စီစဉ်သူ - မြန်မာနိုင်ငံ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ စောင့်ကြည့်ရေးကွန်ရက်အဖွဲ့ (MYNFREL)



လိပ်စာ - အမှတ် (၁၆၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၆လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org


အခုလိုတောင်းဆိုထားခြင်းဖြစ်ပါတယ်" ဟုပြည်ခိုင်ဖြိုးပါတီ ပြောရေးဆိုခွင့်ရှိသူ ဦးသိန်းထွန်းဦးက ပြောကြားသည်။

ရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးလိုကြောင်းအိတ်ဖွင့်ပေးစာတွင် ပါဝင်သော ပါတီအများစုမှာ နိုင်ငံရေး၊ စီးပွားရေးရာကိစ္စရပ်များအတွက် ပြည်ခိုင်ဖြိုးပါတီနှင့်ပူးတွဲ သဘောထား ထုတ်ပြန်လေ့ရှိသည့် နိုင်ငံရေးပါတီများဖြစ်ကြသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်၊ အမျိုးသားတိုးတက်ရေးပါတီ(မြန်မာ)၊ ခေတ်သစ်ပြည်သူ့ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ၊ မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ၊ မြန်မာအမျိုးသားကွန်ဂရက်ပါတီနှင့် တိုင်းရင်းသားပါတီ အချို့ပါဝင်သည်။

ကိုယ်စားလှယ်လောင်းအရည်အချင်းသတ်မှတ်ချက်၊ တရားမဲ့ပြုကျင့်မှု၊ အရည်အချင်း ပျက်ယွင်းမှု ဆိုင်ရာကိစ္စရပ်များ၊ ဆန္ဒမဲပေးသည့်နည်းလမ်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူရာခိုင်နှုန်း၊ မဲဆန္ဒရှင်စိစစ်ရေးလုပ်ထုံးလုပ်နည်းနှင့် ဆန္ဒမဲဖွင့်ဖောက်ရေတွက် မှတ်တမ်းတင်ခြင်းဆိုင်ရာ တို့နှင့်ပတ်သက်ပြီးဆွေးနွေးရန်၊ အကြံပြုရန်ရှိနေသည်ဟု နိုင်ငံရေးပါတီ၂၆ပါတီကဆိုသည်။

ကော်မရှင်၏နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးသည့် အကြိမ်ရေနည်းခြင်းအပါအဝင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇နှင့်၂၀၁၈ကြားဖြတ်ရွေးကောက်ပွဲအပြီး အငြင်းပွားမှုများတွင် အာဏာရပါတီဘက်က အမှုအားလုံးအနိုင်ရသည့်၊ နိုင်ငံရေးပါတီများ၏ သဘောထား ထုတ်ပြန်ချက်များအပေါ် ကော်မရှင်၏တုံ့ပြန်မှုမှာ အားရကျေနပ်ဖွယ်မရှိခြင်း စသည့် အကြောင်းအရာများလည်းပါဝင်သည်။

ယင်းသို့ အိတ်ဖွင့်ပေးစာပေးပို့တောင်းဆိုချက်နှင့် ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြောရေးဆိုခွင့်ရှိသူဦးမြင့်နိုင်ကိုမေ ၂၇ရက် မွန်းလွဲပိုင်းက ဆက်သွယ် မေးမြန်းရာ "အဲ့ဒီစာက ကျွန်တော်တော့မဖတ်ရသေးဘူး။ အစည်းအဝေးကိုတော့တင်မယ်နဲ့ တူပါတယ်။ စာကတော့ရောက်ချင်ရောက်နေမယ်။ ကျွန်တော်တို့အစည်းအဝေးမှာ တင်ပြလာတာမရှိသေးဘူးပေါ့။ အဲဒါကြောင့်လက်ရှိမှာတော့ ဒါနဲ့ပတ်သက်ပြီးမှတ်ချက်မပေးနိုင်သေးပါဘူး" ဟု ပြောကြားသည်။

မာတိကာသို့>>>>

၆) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးလှသိန်း IFES၊ Hornbillနှင့် MYNFRELအဖွဲ့တို့မှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ (၂၀၁၉ခုနှစ်၊ မေ၁၀ရက်၊ ကြာသပတေးနေ့၊ အတွဲ(၅၈)၊ အမှတ်(၂၄၂)၊ စာမျက်နှာ၁၅)

မြန်မာနိုင်ငံ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ စောင့်ကြည့်ရေးကွန်ရက်အဖွဲ့ (MYNFREL)

၏

*မျှော်မှန်းချက်*

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ များဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

*ရည်မှန်းချက်*

"ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

*Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးလှသိန်းသည် International Foundation for Electoral Systems(IFES)၊Hornbillနှင့်Myanmar Network Organization for Free and Fair Elections (MYNFREL)အဖွဲ့တို့မှကိုယ်စားလှယ်များအား ယနေ့နံနက်၁ဂနာရီတွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး စည်းအဝေးခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံစဉ် IFES၊ Hornbillနှင့် MYNFREL အဖွဲ့တို့မှ ကိုယ်စားလှယ်များ က နိုင်ငံသားအသိပညာပေးသင်တန်းစီမံကိန်း "2020 First Time Youth Voters Program" (ပထမပိုင်း) ဆောင်ရွက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ သင်တန်းပို့ချသည့် ရည်ရွယ်ချက်၊ ပို့ချခဲ့သည့် သင်တန်းသားများအခြေအနေ ၊သင်တန်းပို့ချသည့်နေရာများနှင့် အကြိမ်အရေအတွက်၊ ပို့ချခဲ့ သည့်သင်ခန်းစာများ၊ သင်တန်းပို့ချရာတွင်တွေ့ကြုံရသည့် အခြေအနေများ၊ ဒုတိယပိုင်း အနေဖြင့်ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။ ၎င်းရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ နှင့် ကော်မရှင်အဖွဲ့ဝင်တို့ ကအကြံပြုဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။

*မာတိကာသို့>>>>*

